မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand   Tel : Fax (66) (055) : 542 910
E-mail : mainoffice@blc-burma.org.  Website : www. blc-burma.org

# နိုင်ငံတကာ အလုပ်သမားအဖွဲ့ ချုပ်သို့ မမှန်မကန် သတင်းပေးတိုင်ကြားသည် ဟု စွပ်စွဲခံရပြီး မတရားပြစ်ဒဏ် ထောင်ခုနှစ်နှစ် ကျခံခြင်းခံနေရသော ဗဟိုတရားရုံးရှေ့ နေကြီး ဦးအေးမြင့် နှင့် စပ်လျှဉ်း၍ တင်ပြချက်

နေ့စွဲ – ၂၀၀၆ ခုနှစ် မေလ (၃၁)ရက် ။

**၁။** ပဲခူးမြို့ နေ ဗဟိုတရားရုံးရှေ့ နေကြီး ဦးအေးမြင့်သည် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးက ၂၀၀၃ ခုနှစ် နိုဝင်ဘာလ (၂၈) ရက်နေ့ တွင် နိုင်ယက္ခ ပါ (၉) ဦး အမှု၌ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၂ (၁) အရ အောက်ပါအတိုင်းသုံးသပ်ကာ သေဒဏ်ချမှတ်ခံခဲ့ရသူဖြစ်သည်။

နိုင်မင်းကြည်(ခ)မင်းကြည်သည် နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်သည့်မမှန်သတင်းများကို အိုင်အယ်လ်အို သို့ပေးပို့နေသူဖြစ်သည်။  အေးမြင့် (ခ) မြင့်အေးမောင်သည် မင်းကြည် (ခ)  နိုင်မင်းကြည် နှင့် ရင်းနှီး သူဖြစ်သည်။ ၎င်းသည်မြန်မာနိုင်ငံအစိုးရနှင့်စပ်လျဉ်းသောမမှန်သတင်းများကို ပြည်ပသို့ ပေးပို့ရာတွင်နိုင်မင်းကြည်နှင့် ပူးပေါင်းဆောင်ရွက်သူဖြစ်သည်။

၂။ ထို့နောက် နိုင်ငံတကာအဖွဲ့ အစည်းများ နှင့် ပြည်တွင်းမှ ဥပဒေပညာရှင်များ၏ ဝိုင်းဝန်းကြိုးပမ်း ပေးမှုကြောင့် ရှေ့နေကြီးဦးအေးမြင့်သည် သေဒဏ်မှ လွတ်မြောက်လာခဲ့သည်။ ဒိုက်ဦးမြို့နယ် ဖောင် တော်သီကျေးရွာ အတွင်း၌ လူထုပိုင်ကျွဲနွားများ စါးသုံးခွင့်ရခဲ့သည့်  စားကျက် မြေများအနက် အများစု ကို နအဖ နှင့် ဆက်စပ်သောအာဏာ ပိုင်အဖွဲ့  အစည်း များက ခွဲဝေရယူခဲ့ကြသည်။ နောက်ပိုင်း တွင် ယင်းဒေသရှိ ကျွဲ၊ နွားများ အစာရေ စာပြတ်လတ်သောကြောင့်ယင်းသို့ ခွဲဝေ သတ်မှတ်မှု အပေါ် လယ်သမား များက မကျေနပ်၍ တရားရုံးချုပ် ရှေ့နေ  ဦးအေးမြင့် ထံအကူအညီတောင်းခံခဲ့သည်။ ဦးအေးမြင့်မှ အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့၏ မြန်မာနိုင်ငံ ဆိုင်ရာ ဆက်သွယ်ရေးအရာရှိ မစ္စတာ ရစ်ချတ် ဟိုဆေးနှင့် ဆက်သွယ်၍ တိုင်ကြားပေးခဲ့သည့် အပေါ် နအဖ၏ ဒိုက်ဦး မြို့နယ် တရားရုံးက ဦးအေးမြင့် အပေါ် ထောင်ဒဏ်ခုနှစ် နှစ်ပြစ်ဒဏ်ချမှတ်ခဲ့သည်။ အထက်တရားရုံးများ သို့ အယူခံ နှင့် ပြင်ဆင် မှုများ တင်သွင်းခဲ့သော်လည်း နောက်ဆုံး ပဲခူးတိုင်း  တရားရုံးက ၂၀၀၆ ခုနှစ်  မတ်လ (၃) ရက်နေ့ တွင် အကျဉ်း နည်းဖြင့်ပလပ်ခဲ့သည်။ ၂၀၀၆ ခုနှစ် မေလ အတွင်းတွင် ဗဟိုတရားရုံး သို့ အမှုအမှတ်  ( **၂၅၈၀၆**) အရ ပြင်ဆင်မှုတင်သွင်းခဲ့ပြီး  ဇွန်လ အတွင်းတွင် အမှုကို ကြားနာမည်ဟု သိရသည်။

၃။ မြန်မာနိုင်ငံရှေ့ နေများကောင်စီ သည် ဒိုက်ဦးမြို့နယ် တရားရုံးက (၂၉၊ ၃၊ ၀၅) နေ့ တွင် ၂၀၀၅ ခုနှစ်  ပြစ်မှု ကြီး အမှုအမှတ် ၉၆၀ဖြင့် ဖွင့်လှစ် တရားစွဲတင်ပြီး ဦးအေးမြင့်အပေါ် အရေးပေါ်စီမံမှုအက်ဥပဒေ ပုဒ်မ ၅(င)ဖြင့် စစ်ဆေး စီရင်ထားသည့် အမှုတွဲ တခုလုံးအား ဥပဒေကြောင်းအရလည်းကောင်း၊ အချက်အလက်အရလည်းကောင်း၊ အသေးစိတ်လေ့လာသုံးသပ်ခဲ့ရာ ရှေ့နေကြီး ဦးအေးမြင့်သည် မည်သည့် ပြစ်မှုကိုမျှ ကျူးလွန် ခြင်းမရှိ ပါဘဲလျှက်  မတရား သက်သက်ဖြင့် ထောင်ဒဏ် ခုနစ်နှစ်ပြစ်ဒဏ်စီရင်ခြင်း ခံနေရကြောင်း အထင် အရှားသုံးသပ် မိပါသည်။ သုံးသပ်ချက် အပြည့်အစုံကိုလည်း ပူးတွဲတင်ပြပါသည်။

၄။ ရှေ့နေကြီး ဦးအေးမြင့်၏ အမှုသည် ပြည်တွင်းရှိ ရှေ့နေကြီးများအနေဖြင့် အမှန်တရားဖေါ်ထုတ်ရေး၊ တရားမျှတ

မှုရရှိရေး တို့အတွက် ဥပဒေကြောင်း အခြေခံများ နှင့် အညီ တတ်စွမ်းသမျှ ကြိုးပမ်း တိုက်ပွဲဝင်လျှက် ရှိကြကြောင်း သာဓက ကောင်းတရပ်ဖြစ်ပါသည်။ သေဒဏ် ကျခံခဲ့ရသည်ကိုပင်ပမာမပြုဘဲ  မတရားမှုများကို ဆက်လက်ဖေါ်ထုတ် တိုက်ပွဲဝင် သဖြင့် ထောင်ဒဏ် ပြစ်ဒဏ် ခုနစ်နှစ် ဆက်လက် ကျခံ နေရ သော ဗဟိုတရား ရုံးရှေ့နေကြီး  ဦးအေးမြင့် လွှတ်မြောက်ရေး အတွက် နိုင်ငံတကာနှင့် ပြည်တွင်း ရှိ အဖွဲ့အစည်းအသီးသီးနှင့် နိုင်ငံရေးခေါင်းဆောင်များ၊  ဥပဒေ ပညာရှင်များ အားလုံးက စွမ်းစွမ်းတမန် ကြိုးပမ်းပေးကြပါရန် မြန်မာနိုင်ငံရှေ့နေများကောင်စီ အနေဖြင့် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

**အသေးစိပ်သိရှိလိုပါလျှင် ဆက်သွယ်ရန်**

ဦးအောင်ထူး အထွေထွေ အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ရှေ့နေများကောင်စီ  (၆၆) (၀၁) ၅၃၃ ၀၆၀၅